myantrade

# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

July 11, 2019 Volume 21, Number 9

**၁၁.၇.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၄၂၄ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၁၃၄၀၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၁၂/ကျပ် |
| CBM Rate | = ၁၅၁၂.၀/ကျပ် |
| ယူရို တစ်ယူရို | = ၁၇၀၄.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၁၅.၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၈၉၅.၂ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၉၉.၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၅၅.၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၀.၂၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၂.၁၀၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၈.၈၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၇.၄၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၉.၄၀၄ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com

## ၁၂ နှစ်အတွင်း ကြက်သွန်နီဈေး ဒုတိယအမြင့်ဆုံးသို့ရောက်ရှိ ပြည်ပသို့ တင်ပို့နိုင်မှုလည်းများလာ

ပြည်တွင်း စားဖိုဆောင်သီးနှံဈေးကွက်တွင် ဈေးနှုန်းအပြောင်းအလဲမြင့်မားမှုများရှိလာသည့် ၂၀၁၅ ခုနှစ်၊ နှစ်ကုန်ပိုင်းများမှ ယခုကာလအထိ လှောင်လက်များ၊ စိုက်ပျိုးထုတ်လုပ်သူများ၊ စားသုံးသူများစိတ်ဝင်စားမှု အမြင့်ဆုံးဖြစ်သည့် ကုန်စည် သီးနှံမှာ ကြက်သွန်နီဖြစ်သည်ဟုဆိုနိုင်သည်။ ၂၀၁၉ ခုနှစ်၊ နွေကြက်သွန်နီ (လှောင်ကြက်သွန်) အသစ် ဈေးကွက်သို့စတင်ဝင်ရောက်လာသည့် နွေကာလမှစ၍ မေလကုန်ထိ ကြက်သွန်နီ ဈေးနှုန်း အနိမ့်တွင်ရှိနေသဖြင့် ကြက်သွန်နီလောကတွင် ဈေးနှုန်းအပေါ် ပြောဆိုမှုများခဲ့သည်။

စပါးကဲ့သို့ အခြေခံဈေးနှုန်းတစ်ရပ် သတ်မှတ်ပေးပါရန် သတ်ဆိုင်ရာသို့ တင်ပြသည့် သတင်းမီဒီယာအချို့တွင် ဖော်ပြလာသည်။ ကြက်သွန်နီဈေးနှုန်းသည် အိန္ဒိယနိုင်ငံအတွင်း အစိုးရအပေါ် ရိုက်ခတ်မှုအများဆုံးသီးနှံဖြစ်ရာ အိန္ဒိယ ပြည်တွင်း ကြက်သွန်နီဈေးနှုန်းပြောင်းလဲမှုကို အိန္ဒိယအစိုးရက စောင့်ကြည့်အရေးယူမှုများရှိခဲ့သည်။ မြန်မာပြည်တွင်လည်း ၂၀၀၆ ခုနှစ် ဝန်းကျင် ပြည်တွင်း ကြက်သွန်နီဈေးနှုန်း မြင့်တက်လာသဖြင့် ၎င်းကာလ အုပ်ချုပ်ရေးပိုင်း တာဝန်ရှိသူများက ရန်ကုန်မြို့ရှိ အခွန်လွတ်ဈေးများတွင် ဘုရင့်နောင်ပွဲရုံမှ ကြက်သွန်နီလက်လီရောင်းချပေးခြင်းကိုပြုလုပ်ရန် လမ်းညွှန် ဆောင်ရွက်ပေးခဲ့သည်ကိုမြင်တွေ့ရသည်။

ဈေးကွက်သဘာဝအရ လက်လီနှင့်လက်ကားဈေးနှုန်းများသည် ဈေးသည်၏ အကျိုးအမြတ်ရယူမှုရှိသဖြင့် ကွာခြားမှုရှိရာ ၎င်းအဆင့်မထားရှိဘဲ ပွဲရုံက စားသုံးသူထံတိုက်ရိုက်ရောင်းချခြင်းဖြင့် စားသုံးသူများ ကြက်သွန်နီဈေးနှုန်း ကြီးမြင့်မှု ဖြေလျှော့မှုအထိုက်အလျောက်ခံစားလာခဲ့ရသည်။ ၎င်းနောက်ပိုင်း နှစ်ပိုင်းများဖြစ်သော ၂၀၁၁ ခုနှစ်အလွန်မှစ၍ ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးလာမှုနှင့်အတူ ဈေးနှုန်းထိန်းချုပ်ခြင်းမရှိတော့ဘဲ လွတ်လပ်စွာရောင်းချလာနိုင်ကြသည်။ ၂၀၁၃ ခုနှစ်ဝန်းကျင် လှောင်သမားများ ကြက်သွန်နီ ထုတ်ရောင်းချိန်ဖြစ်သော နှစ်ဝက်အလွန် လပိုင်းများတွင် ကြက်သွန်နီဈေးနှုန်း ကျဆင်းလာမှုရှိခဲ့သည်။ ကုန်စိမ်းဖြစ်ပြီး အလျော့တွက်၊ အပုပ်၊ အလေအလွင့်ရှိသော ကြက်သွန်နီသည် နွေကာလ ဝယ်ရင်းဈေးဝန်းကျင်ဖြင့် လှောင်သမားများ ပြန်ရောင်းချိန်တွင် ဈေးနှုန်းနိမ့်နေပါက အရှုံးဖြင့်ရင်ဆိုင်ခဲ့ကြရသည်။ ထိုသို့ အရှုံးနှစ်နှစ်နီးပါး ဆက်တိုက်ခံစားခဲ့ရပြီးနောက် ၂၀၁၅ နှစ်ကုန်ပိုင်း အောက်တိုဘာလမှစ၍ ရန်ကုန်ကြက်သွန်နီဈေးကွက်တွင် ကြက်သွန်နီ ဈေးနှုန်းများ စတင်မြင့်တက်မှုပမာဏများလာခဲ့သည်။ နှစ်နှစ်ဆက်တိုက် ကြက်သွန်နီလှောင်သမားများ အရှုံးရှိထားသည့်အတွက် မြင့်တက်လာသော

ကြက်သွန်နီဈေးနှုန်းကို ထိန်းကျောင်းမှုအားနည်းသဖြင့်လည်းကောင်း ၂၀၁၅ ခုနှစ်၊ဒီဇင်ဘာလ ၄ ရက်တွင် ဆိပ်ဖြူကြက်သွန်နီ လက်ကားတစ်ပိဿာ ကျပ် ၃၀၀၀-၃၃၀၀-၃၅၀၀-၃၇၀၀ နှုန်းအထိ မြင့်တက်ခဲ့သည်။ ဝယ်ရင်းဈေး တစ်ပိဿာ ကျပ် ၃၅၀ ဝန်းကျင်သာရှိသဖြင့် ကြက်သွန်နီလှောင်ကာလ နစ်ဝက် ကျော်အတွင်း ဝယ်ရင်းဈေး၏ ၁၀ ဆဝန်းကျင်ဖြင့် ရောင်းချနိုင်ခဲ့ရာ ၂၀၁၅ ခုနှစ်မတိုင်မီ နှစ်နှစ်အရှုံးထက် များစွာပိုသော အကျိုးအမြတ်များကို ကြက်သွန်နီလှောင်လက်များခံစားခဲ့ရသည်။ သို့သော် စားသုံးသူများက ကြက်သွန်နီဈေးနှုန်း မကြုံစဖူးမြင့်တက်လာသည့်အပေါ် ဝေဖန်ပြောဆိုမှုနှင့်အတူ ကြက်သွန်နီသုံးစွဲမှု လျှော့ချခဲ့ကြရသည်။ ပြည်တွင်း၌သာ ဈေးနှုန်းအဆမတန်မြင့်တင်လာသည့်အတွက် ဈေးကွက်သဘာဝအရ ဈေးနှုန်းအနိမ့်တွင်သာ ရှိနေသော ပြည်ပ ကြက်သွန်နီများ အထူးသဖြင့် တရုတ်ကြက်သွန်နီအလုံးကြီးများသည် ပြည်တွင်းဈေးကွက်တွင် လက်ကားတစ်ပိဿာ ကျပ် ၁၀၀၀ ဝန်းကျင်ဖြင့် ဝင်ရောက်လာမှုများပြားခဲ့သည်။

၂၀၁၆ ၊ ၂၀၁၇ နှစ်ကုန်ပိုင်းများနှင့် ၂၀၁၈ နှစ်ဆန်းပိုင်းတွင် ပြည်တွင်းကြက်သွန်နီဈေးနှုန်းမြင့်တက်မှုသည် ၂၀၁၅ ခုနှစ်မတိုင်မီကာလဈေးနှုန်းများထက် များစွာမြင့်ခဲ့သည်။ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်တွင် ဆိပ်ဖြူကြက်သွန်နီ လက်ကား တစ်ပိဿာ ကျပ်၂၃၀၀-၂၉၀၀-၃၀၀၀-၃၁၀၀၊ မြင်းခြံ ကျပ် ၂၇၀၀-၃၁၀၀-၃၂၀၀-၃၃၀၀၊ မြစ်သား ကျပ် ၂၈၀၀-၃၃၀၀- ၃၄၀၀-၃၅၀၀ နှုန်းထိ မြင့်တက်ခဲ့သေးသည်။ သို့သော် ၂၀၁၈ ခုနှစ်၊ နွေကာလမှစ၍ ရန်ကုန်ကြက်သွန်နီ ဈေးနှုန်းသည် ၂၀၁၈ ခုနှစ်အတွင်း အလုံးကြီးအရွယ်အစား တစ်ပိဿာ ကျပ် ၁၃၅၀ နှုန်းအထိသာ မြင့်တက်ခဲ့သည့် အတွက် ၂၀၁၅ နှစ်ကုန်မှ ၂၀၁၈ နှစ်ဆန်းအတွင်း ရရှိခဲ့ဖူးသော ကြက်သွန်နီလှောင်သမားတို့၏ အကျိုးအမြတ်ပမာဏမျိုး မရရှိသည်ကို မြင်တွေ့လာရသည်။ ၂၀၁၉ ခုနှစ်တွင်လည်း ပုံမှန် ၂၀၁၅ ခုနှစ်မတိုင်မီကာလများ ဈေးနှုန်းဝန်းကျင် ရှိနေသည့်အပေါ် ကြက်သွန်နီဈေးကွက်တွင် ဝေဖန်ပြောဆိုခြင်းများရှိသည်။ ကြက်သွန်နီထွက်ရှိရာ ဒေသများတွင် နယ်အခြေခံဈေး တစ်ပိဿာ ကျပ် ၃၅၀ ဝန်းကျင်၊ မူဆယ်နယ်စပ်ကုန်သွယ်ရေးဇုန်တွင် တစ်ပိဿာ ကျပ် ၄၀၀ ဝန်းကျင်သာ နွေကာလတွင် ရှိခဲ့သည်။ ကြက်သွန်နီစိုက်ပျိုးခြင်းသည် အခြားသီးနှံစိုက်ပျိုးခြင်းထက် အကျိုးအမြတ် ပိုမိုရရှိနိုင်သဖြင့် ကြက်သွန်နီစိုက်ပျိုး၍ ရနိုင်သည့်ဒေသများတွင် ကြက်သွန်နီစိုက်ပျိုးမှုများလာသည်။ တစ်ဧကလျှင် ကြက်သွန်နီ တစ်ရာသီ စိုက်ပျိုးမှုမှ ကျပ် ၁၀ သိန်းဝန်းကျင် အကျိုးအမြတ်ကျန်ရှိနိုင်သည်ဟုသိရသည်။ မိမိမြေပေါ် မိမိကိုယ်တိုင် ကိုယ်ပိုင် မျိုးစေ့၊ နွားချေး စသည်ဖြင့် လုပ်ကိုင်ပါက တစ်ဧကစိုက်ပျိုး ထုတ်လုပ်မှု ကုန်ကျငွေ ကျပ် ၂၅ သိန်းဝန်းကျင်မှ ကျပ် ၁၀ သိန်း သက်သာသွားပြီး ကြက်သွန်နီတစ်ဧက ပိဿာချိန် ၅၄၀၀၀ ဝန်းကျင် ထွက်ရှိနိုင် သည်ဟုသိရသည်။ ကြက်သွန်နီ ရန်ကုန်ဈေးကွက်ဈေးနှုန်းသည် ဇွန်လမှစတင်မြင့်တက်လာရာ ဇွန်လ ၂၄ ရက်တွင် အလုံးကြီးတစ်ပိဿာ ကျပ် ၉၀၀-၁၀၀၀အထိ မြင့်တက်လာသည်။ နယ်စပ်မူဆယ်ဈေးနှုန်းမှာ ကာလတူ ဘုရင့်နောင် ရန်ကုန်ဈေးကွက်ထက် နည်းနေဆဲရှိသည်။ မတ်လတွင် မူဆယ်ကြက်သွန်ဈေး တစ်ပိဿာ ကျပ် ၄၀၀ ဝန်းကျင်၊ ဧပြီလ၊ မေလတို့တွင် ကျပ် ၄၅၀ ဝန်းကျင်သာရှိခဲ့သည်။ ဇွန်လ ပထမပတ်တွင် ကျပ် ၄၅၀-၅၀၀ ဝန်းကျင်၊ ဒုတိယပတ် ကျပ် ၆၀၀-၆၅၀ ဝန်းကျင်၊ တတိယပတ်တွင် ကျပ် ၆၅၀-၆၇၀ ဝန်းကျင်နှုန်းရှိခဲ့သည်ဟု နယ်စပ်ကုန်သွယ်ရေးစီးပွားရေး သတင်းများအရသိရသည်။

၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နှင့် ၂ ရက်နေ့ ရန်ကုန်ဈေးကွက်တွင် ဆိပ်ဖြူလက်ကား တစ်ပိဿာ ကျပ်၆၀၀-၇၀၀-၇၇၅-၈၅၀ နှုန်း၊ မုံရွာ ကျပ် ၆၂၅-၇၂၅-၈၀၀-၈၇၅ နှုန်း ရှိခဲ့သည်။ ၂၀၁၈ ခုနှစ်၊ ဇူလိုင် ၂ရက်တွင် ဆိပ်ဖြူ ကျပ် ၅၀၀-၅၅၀-၅၅၀-၅၅၀ နှုန်း၊ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂ ရက်တွင် ဆိပ်ဖြူ ကျပ် ၉၀၀-၁၁၂၅-၁၂၀၀-၁၂၅၀ နှုန်း ရှိခဲ့သည်။ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂ ရက်၊ ဗုဒ္ဓဟူးနေ့တွင် ဆိပ်ဖြူကြက်သွန်နီ လက်ကား တစ်ပိဿာ ကျပ် ၂၄၀-၃၀၀-၃၃၀-၃၇၅၊ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂ ရက်၊ ကြာသပတေးနေ့ တွင် ၄၇၅-၆၂၅-၇၂၅-၈၂၅ ကျပ်၊ ၂၀၁၀ ပြည့်နှစ်၊ ဇူလိုင်လ ၂ ရက် သောကြာနေ့တွင် ဒိုး ကျပ် ၂၁၀၊ ၂၀၁၁ ခုနှစ်၊ ဇူလိုင်လ ၂ ရက်၊ စနေနေ့တွင် ဆိပ်ဖြူကျပ် ၄၂၅- ၅၀၀-၅၅၀-၆၂၅ နှုန်း ရှိခဲ့သည်ဟု ဈေးနှုန်းဟောင်းများအရ သိရသည်။ ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၂ ရက်တွင်ကျပ် ၄၅၀-၅၀၀-၅၅၀-၆၀၀ နှုန်း၊ ၂၀၁၃ခုနှစ်၊ ဇူလိုင်လ ၂ ရက်တွင် ၃၉၀-၄၃၀-၄၃၀-၄၄၅ ကျပ်နှုန်း၊ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂ ရက်တွင် ကျပ် ၃၂၅-၄၃၅-၆၂၅-၅၇၅နှုန်း၊ ၂၀၁၅ ခုနှစ်၊ ဇူလိုင် ၂ ရက်တွင် ကျပ် ၄၂၅-၅၇၅-၆၂၅-၆၇၅ နှုန်း၊ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂ ရက်တွင် ၃၈၅-၅၃၅-၅၆၀-၅၈၅ ကျပ်နှုန်းအသီးသီးရှိခဲ့သည်ဟု သိရသည်။ ၎င်း ၂၀၀၈ ခုနှစ်မှ ၂၀၁၉ ခုနှစ် အထိ ၁၂ နှစ်ကာလအတွင်း ဇူလိုင်လဆန်း ကြက်သွန်နီ ဈေးနှုန်းများကို နှိုင်းယှဉ်ကြည့်လျှင် ၂၀၁၇ ခုနှစ်၊ ဇူလိုင်လဆန်းတွင် ဈေးနှုန်း အမြင့်ဆုံးရှိခဲ့ပြီး ၂၀၁၉ ခုနှစ်၊ ဇူလိုင်လဆန်း ဈေးနှုန်းသည် ဒုတိယအမြင့်ဆုံးတွင် ရှိနေသည်ကို သိရသည်။ သို့ဖြစ်ရာ၂၀၁၉ ခုနှစ်၊ နွေကာလလှောင် ကြက်သွန်နီ ထွက်ပေါ်ချိန်မှစ၍ ကြက်သွန်နီဈေးနှုန်းအပေါ်ပြောဆိုရာတွင်

၂၀၁၅ နှစ်ကုန်မှ ၂၀၁၈ နှစ်ဆန်း၊ နှစ်တိုအတွင်းပေါ်မှုတည်၍ ပြောဆိုခြင်းသာဖြစ်ပြီး ၂၀၀၈ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ၁၂ နှစ်တာကာလအပေါ် သုံးသပ်ပြောဆိုခြင်းနည်းသည်ဟုပြောနိုင်သည်။

**Source:**https://www.facebook.com/myanmaeconomic/posts/ 331601447788140?__tn__=K-R

## ယူနန်အစိုးရခွင့်ပြုမိန့်ဖြင့် မူဆယ်မှတင်ပို့သော လယ်ယာထွက်ကုန်အချို့ ဈေးနှိမ်ခံရ

နယ်စပ်မှ လယ်ယာထွက်ကုန်အချို့ကို ယူနန်အစိုးရက သွင်းကုန်ခွင့်ပြုမိန့် ထုတ်ပေးသော်လည်း တရုတ်ကုန်သည်များ၏ ဈေးနှိမ်ဝယ်ယူခြင်းခံရကြောင်း မူဆယ်မြို့မှ ကုန်သည်အချို့ကပြောသည်။ ဘိန်းအစားထိုး သီးနှံခွင့်ပြုမိန့်ဖြင့် ပြောင်းဖူးစေ့တင်သွင်းခွင့်၊ ယူနန်အစိုးရခွင့်ပြုမိန့်ဖြင့် ဆန်တင်သွင်းခွင့်ရရှိထားသော တရုတ်ကုန်သည်များ၏ ဈေးနှိမ်ဝယ်ယူခြင်း ကြုံတွေ့နေရသည်ဟု ၎င်းတို့ကဆိုသည်။ ရုံးဖွင့်ရက်များတွင်တစ်ရက်လျှင် ဆန်အိတ်ရေ နှစ်သောင်းခန့်ကို ခွင့်ပြုမိန့်ဖြင့် တရုတ်ကုန်သည်များက ဝယ်ယူနေသော်လည်း ဆန်တစ်အိတ်လျှင် ပျမ်းမျှ ယွမ် ၂၀ ခန့်လျော့၍ ရရှိကြောင်း မူဆယ်ဆန်ကုန်စည်ဒိုင် အသင်းဝင်တစ်ဦးကပြောသည်။ ခွင့်ပြုမိန့်ကို မြန်မာကုန်သည်က ဈေးကြီးပေးဝယ်ပြီးမှ ဆန်ပြန်ရောင်းရတာလေဟု ၎င်းကရှင်းပြသည်။ ယူနန်အစိုးရ၏ ဆန်တင်သွင်းခွင့်ရထားသူထံမှ မြန်မာကုန်သည်က တစ်ဆင့်ပြန်ဝယ်၍ ဆန်ဝယ်လိုသည့် တရုတ်ကုန်သည်များထံ ရောင်းချရသည်ဟုဆိုသည်။ ထို့ကြောင့် မူဆယ်နယ်စပ်တွင် ယခင်ကဆန်တစ်အိတ်လျှင် ယွမ် ၁၂၀ ခန့်ဈေးရသည့် ဆန်အ မျိုးအစားက လက်ရှိတွင် တစ် အိတ်လျှင် ယွမ် ၁၀၀ ခန့်သာရရှိ သည်။ ထို့အပြင် ဘိန်းအစားထိုးသီးနှံအဖြစ် ပြောင်းဖူးစေ့တင်သွင်းခွင့်လည်း ကီလို ၅၀ တစ်အိတ် လျှင် ယခင်က ၇၅ ယွမ်ဈေးရရှိ သော်လည်း လက်ရှိတွင် ၆၈ ယွမ် သာရရှိကြောင်းမူ ဆယ်ကုန်သည် အချို့က ပြောသည်။

တရုတ်နိုင်ငံက ၂၀၁၈ အောက်တိုဘာတွင်စတင်ပြီး မူ ဆယ်နယ်စပ်မှ တရားမဝင်ဆန်၊ ပြောင်းဖူးစေ့နှင့် သကြားတင် သွင်းသည့် တရုတ်ကုန်များကိုဖမ်းဆီးခြင်း၊ နယ်စပ်၌ လုံခြုံရေးတင်းကျပ်ခြင်းတို့ ပြုလုပ်လာသည်။ ယူနန်အစိုးရက တရားမဝင် ကုန်သွယ်ရေးကို တားဆီးပြီး တရားဝင်ကုန်သွယ်ရေးကို ဖော်ဆောင်လိုသည်ဟု တာဝန်ရှိသူ အချို့ကပြောသည်။ ထိုသို့တရားဝင် ကုန်သွယ်ရေးအကောင်အထည်ဖော်ရာတွင် တရုတ်ကုန်သည် များ၏ဈေးနှိမ်မှုကို မြန်မာကုန်သည်များ ကြုံတွေ့ရသည်။ တရုတ်နိုင်ငံ ရွှေရိုးကုမ္ပဏီက ဆန်တန်ချိန်တစ် သောင်းကျော် ဝယ်ယူရာတွင် ယူနန်အစိုးရကို အခွန် ၆၀ ရာခိုင်နှုန်း ပေးဆောင်ရသည့် အကြောင်းပြချက်ဖြင့် ဆန်တစ်အိတ်လျှင် ၁၀၁ ယွမ်ဈေးသတ်မှတ်ပြီး အိတ် ခွံနှင့် အလုပ်သမားခနှစ်ယွမ် ထပ်မံနုတ်ယူသဖြင့် မြန်မာကုန်သည်များက ဆန်တစ်အိတ်လျှင် ၉၉ ယွမ် (ကျပ် ၂၀,၀၀၀ ခန့်) သာ ရရှိသည်ဟု ဘုရင့်နောင်ဆန် ကုန်စည်ဒိုင် အတွင်းရေးမှူး ဦးသန်းဦးကပြောသည်။

**Source:** http://www.7daydaily.com/story/160850

## ပခုက္ကူဒေသတစ်ဝိုက် မိုးခေါင်မှုကြောင့် မိုးဦးသီးနှံ နှမ်း၊ မြေပဲနှင့် ပဲတီစိမ်းစိုက်ခင်းများ ပျက်စီးခဲ့ရသည့်အပြင် ဒေသခံတောင်သူများမှာ နွားစာပြတ်လပ်မှုပါ ကြုံတွေ့နေ

ပခုက္ကူဒေသတစ်ဝိုက် ယခုနှစ် မိုးဦးကာလတွင် မိုးခေါင်မှုကြောင့် မိုးဦးသီးနှံ နှမ်း၊ မြေပဲနှင့် ပဲတီစိမ်းစိုက်ခင်းများ ပျက်စီးခဲ့ရသည့်အပြင် ဒေသခံတောင်သူများမှာ နွားစာပြတ်လပ်မှုပါ ကြုံတွေ့နေပြီး အခက်အခဲများ ဖြစ်ပေါ်နေကြောင်း သိရသည်။ မိုးဦးကာလဖြစ်ထွန်းသည့် မြက်ပင်များနှင့် သီးနှံခြွေလှည့်ရာမှ ထွက်ရှိလာသည့် ပဲစာမှော်များအား နွားများအဖြစ် အသုံးပြုကြသော်လည်း ယခုနှစ်တွင် မိုးခေါင်မှုကြောင့် သီးနှံများဖြစ်ထွန်းခြင်းမရှိသည့်အတွက် နွားစာရှားပါးမှု ကြုံတွေ့ရခြင်းဖြစ်ကြောင်းသိရသည်။ ပုံမှန်ဆိုရင်တော့ မိုးနှောင်းကာလရတဲ့ သီးနှံကို ခြွေလှည့်ရိတ်သိမ်းတာကနေရတဲ့ ပဲစာမှော်ကိုလှောင်ပြီး နွေအတွက် နွားစာထားသုံးတယ်။ အဲဒီနွားစာကုန်ချိန်မှာ မိုးဦးသီးနှံပေါ်ပြီး ခြွေလှည့်ရတဲ့ ပဲစာမှော်နဲ့ နွားစာမပြတ်အောင် စီမံကြတယ်။ ဒီနှစ်ကတော့ မိုးနှောင်းစုထားသမျှ နွားစာကုန်ချိန် မိုးဦးက ဘာမှမရတော့ နွားစာအလျှင်မမှီ ဖြစ်ကုန်တယ်။ ရိတ်စရာ မြက်ပင်လည်း မရဘူး။ ကျွန်းဖက်နဲ့ စပါးစိုက်တဲ့ဆီကို နွားစာသွား ဝယ်ရတယ်။ ကိုယ့်အချင်းချင်း ရှိတဲ့သူဆီက မျှသုံးရတယ်” ဟု မြိုင်မြို့နယ် ကျောက်ဆောက်ရွာမှ ကိုနိုင်ကပြောကြားသည်။

မိုးဦးကာလ စတင်သည့် မေလဆန်းမှ ယခုဇူလိုင်လ ဒုတိယပတ် ရောက်သည်ထိ ပခုက္ကူဒေသ တစ်ဝိုက်တွင်

မိုးသုံးကြိမ်ခန့်သာ ရွာသွန်းသေးပြီး မိုးခေါင်မှုကြောင့် မိုးဦးသီးနှံ ပျက်စီးမှု ကြုံတွေ့ခဲ့သည့်အပြင် ဂါဆိုပဲစိုက် ကာလတွင် မိုးခေါင်မှု ထပ်မံကြုံတွေ့ရမည်ကို စိုးရိမ်နေကြောင်း သိရသည်။ "မိုးဦးစရလို့ ပျိုးကျဲပြီးကတည်းက မိုးထပ်မရတော့ စိုက်ထားသမျှ ဘာမှပြန်မရဘူး။ မြေပဲသမားလည်း ဆုံးတယ်။ နှမ်းသမားလည်း ဆုံးတယ်။ တစ်ကေပျိုးဖိုး မြေသြဇာဖိုးနဲ့ အလုပ်သမားခပေါင်းရင် တစ်သိန်းလောက် ရှုံးတယ်။ အခု နွားစာအတွက် အတော်လေး ရုန်းနေရပြီ။ တချို့လည်း တောထဲသွားပြီး မြက်ရိတ် နွားစားတဲ့အပင်ရိတ် လုပ်နေရတယ်" ဟု ညောင်ဦးမြို့နယ် ဖြူထွားရွာမှ ကိုမြင့်အောင်က ပြောကြားသည်။

ယခုနှစ် နွေကာလနှင့် မိုးဦးကာလတွင် ပခုက္ကူဒေသတစ်ဝိုက် ပုံမှန်ထက် ရာသီဥတု ပိုမိုပြင်းထန်ခဲ့ပြီး မိုးခေါင်မှုကြောင့် စိုက်ပျိုးရေး လုပ်ငန်းများသာမက ကန်ရေအားထား သုံးစွဲရသည့် ဒေသခံများမှာလည်း ရေရှားပါးမှု ကြုံတွေ့ခဲ့ရကြောင်း ဒေသခံများက ပြောကြားသည်။ လက်ရှိတွင် ပခုက္ကူသီးနှံ ဈေးကွက်အတွင်း ပဲတီစိမ်း (ရေသွင်း) တစ်တင်းလျှင် အနိမ့်ဆုံး ကျပ် ၂၈၀၀၀ မှ ၃၂၀၀၀ ပေါက်ဈေးရှိပြီး ယခုနှစ်တွင် ကုန်းတွင်းယာမြေများမှ ထွက်ရှိသည့် ပဲတီစိမ်းအထွက်နှုန်း သိသာစွာ လျော့ကျနိုင်ကြောင်း သိရသည်။

**Source:** https://news-eleven.com/article/121985

## တရုတ်သို့ မြန်မာ့ရေထွက်ပစ္စည်းတင်ပို့မှု အခက်အခဲဖြေရှင်းရန် GACC နှင့် တွေ့ဆုံသွားမည်ဟု ငါးလုပ်ငန်းအဖွဲ့ချုပ်ဆို

တရုတ်နိုင်ငံသို့ မြန်မာ့ရေထွက်ပစ္စည်းများတင်ပို့ရာတွင် တွေ့ကြုံနေရသောအခက် အခဲများကိုဖြေရှင်းနိုင်ရန် တရုတ် နိုင်ငံ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (GACC)နှင့် တွေ့ဆုံသွားမည် ဖြစ်ကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှသတင်းရရှိသည်။ အဆိုပါတရုတ်နိုင်ငံ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင် (General Administration of Customs of the People's Republic of China-GACC) အဖွဲ့နှင့် မြန်မာနိုင်ငံမှအစိုးရတာဝန်ရှိသူများ သွားရောက်တွေ့ဆုံရာတွင် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ ကိုယ်စားလှယ်ငါးဦးခန့် လိုက်ပါတွေ့ ဆုံသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌဒေါက်တာတိုးနန္ဒာတင်က "ပြီးခဲ့တဲ့ဇွန်လ ၂၉ ရက်ကပြုလုပ်ခဲ့တဲ့ ဒုတိယသမ္မတတွေ့ဆုံပွဲမှာ ရေထွက်ကုန်နဲ့ပတ်သက်ပြီး တရုတ်ပြည်နဲ့ တရားဝင်ကုန်သွယ်မှု ဘာတွေလုပ်ကြမလဲဆိုတာ ဆွေး နွေးပါတယ်။ တရုတ်ပြည်နဲ့တရား ဝင်ကုန်သွယ်မှုကို လုပ်မယ်ဆိုရင် တရုတ်ပြည်မှာရှိနေတဲ့ Exports, Imports ကိုင်တဲ့အဖွဲ့အစည်းနဲ့ ကိုယ် တိုင်ကိုယ်ကျသွားရောက်တွေ့ဆုံ ဆွေးနွေးဖို့ပြောပါတယ်။ ဒါကိုအကုန်သဘောတူပါတယ်။ သွားရောက် တွေ့ဆုံနိုင်ဖို့လည်း အမြန်ဆုံးလုပ်မ်း ချိတ်ပေးမယ်လို့ပြောပါတယ်။ အခုဆိုရင် ဆရာမတို့ဘက်က ကိုယ်စားလှယ်လေးယောက် ဒါမှမဟုတ် ငါး ယောက် တရုတ်ပြည်ခရီးစဉ်ကိုလိုက်သွားဖို့ ဒီနေ့ပဲစာထုတ်ပြီးပို့ပါတယ်။ GACC ဒီကနေပို့တဲ့ကုန်အပေါ်မှာရော food safety အပေါ်မှာရော ကိုင်တဲ့အဖွဲ့ဖြစ်တဲ့အတွက်ကြောင့် ဒီအဖွဲ့အစည်းကို တွေ့ကိုတွေ့ရမှာပါ"ဟု ဇူလိုင်၉ရက်က မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၌ ကျင်းပသည့် သားငါးကဏ္ဍဆိုင်ရာလုပ်ငန်းရှင်များ ပုံမှန်တွေ့ဆုံဆွေးနွေးပွဲတွင်ပြောသည်။

လက်ရှိ တရုတ်နိုင်ငံသို့မြန်မာ့ ရေထွက်ကုန်ဖြစ်သော ပြည်တွင်း တွင်မွေးမြူမှုများသည့် Pangasius Hypophthalmus ငါးတန်ငါးများကို တင်ပို့ရာတွင် တရုတ်နိုင်ငံ၏ ဝက်ဘ်ဆိုက်စာမျက်နှာ၌ မှတ်ပုံတင်ထား ခြင်းမရှိသည့် ငါးမျိုးစိတ်ဖြစ်ခြင်း ကြောင့် သက်ဆိုင်ရာဌာနမှထောက်ခံ ပေးနိုင်ခြင်းမရှိသဖြင့် မတင်ပို့နိုင်ဘဲ လုပ်ငန်းရှင်များ အခက်တွေ့လျက် ရှိကြောင်းသိရသည်။ ဒေါက်တာတိုးနန္ဒာတင်က "GACCအဖွဲ့နဲ့ contract ရဖို့ကို ၂၀၁၈ခုနှစ် စက်တင်ဘာလ၅ရက် ကတည်းက စာပို့ထားတယ်။ ကိုးလကြာမှ respond လာတယ်။ စာပေးစာယူနဲ့ ကိုးလကြာနေမယ်ဆိုရင် ဒီမှာရှိနေတဲ့ ငါးမွေးတောင်သူတွေ ထိခိုက်မှာစိုးတဲ့အတွက် trade mission လို ငါးလုပ်ငန်းဦးစီးဌာန၊ အ ကောက်ခွန်ဦးစီးဌာန၊ ကုန်သွယ်ရေး ဦးစီးဌာနက အဆင့်မြင့်အရာရှိတွေ ပါဝင်ပြီး အမြန်ဆုံးတွေ့ဆုံနိုင်ဖို့ တောင်းဆိုတာဖြစ်ပါတယ်"ဟု ပြော သည်။

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်သည် ဇွန်လ၂၉ရက်က ရန်ကုန် မြို့ ကုန်သည်စက်မှုအသင်းချုပ်၌ ကျင်းပသည့် ဒုတိယသမ္မတ ဦးဆောင်သည့် မြန်မာ့ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးကော်မတီနှင့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ၏ (၂၈) ကြိမ်မြောက် ပုံမှန်တွေ့ဆုံဆွေးနွေးပွဲတွင် တရုတ်နိုင်ငံသို့ရေထွက်ပစ္စည်းများဖြစ်သည့် မွေးမြူရေးငါး၊ ပုစွန်များတင်ပို့ရာတွင် အခက်အခဲများ တွေ့ကြုံနေရပါသဖြင့် အခက်အခဲများကိုဖြေရှင်းပေးရန်၊ ပြည်ပပို့ကုန်

တိုးမြှင့်တင်ပို့နိုင်ရေးအတွက် တရုတ်နိုင်ငံနှင့် အစိုးရချင်းဆက်သွယ်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များတွင် ကုန်သွယ်မှုများလွယ်ကူလျင်မြန်ချော မွေ့စေရေးအတွက် လိုအပ်သည်များ ကို ကြိုတင်ညှိနှိုင်းဆောင်ရွက်ပေးရန် တင်ပြခဲ့ကြောင်း သိရသည်။

**Source: democracytoday**

https://yangonmedia.com/business

## မကြာမီကာလတွင် လျှော်ဖြူအစေ့ဆီကို စားသုံးဆီအဖြစ် အသုံးပြုနိုင်တော့မည်

မြန်မာနိုင်ငံတွင် လျှော်ဖြူအစေ့အဆီကို စားသုံးဆီအဖြစ်အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း စားသုံးသူရေးရာဦးစီးဌာန သတင်းများအရသိရပါတယ်။ လျှော်ဖြူစိုက်တောင်သူများအနေဖြင့် လျှော်ဖြူအစေ့များဂယ်ယူပြီး လျှော်ဖြူစိုက်ပျိုးရာတွင် အပင်များကြီးထွားလာချိန်၌ အစေ့များမှာ အလေအလွင့်ဖြစ်ပေါ်နေလျက်ရှိကြောင်းသိရပါတယ်။ ထို့ကြောင့် လျှော်ဖြူ စိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်းနှင့် ပခုက္ကူခရိုင် စားသုံးသူရေးရာဦးစီးဌာနတို့ပူးပေါင်းပြီး လျှော်ဖြူအစေ့မှ စားသုံးဆီအဖြစ် စမ်းသပ်ထုတ်လုပ်ထားပြီးဖြစ်ကြောင်းသိရပါတယ်။

လက်ရှိတွင် လျှော်ဖြူစေ့မှထုတ်လုပ်သော စားသုံးဆီကို ဓာတ်ခွဲစမ်းသပ်ထားပြီး ရလဒ်အနေဖြင့် မြေပဲဆီ၊ နှမ်းဆီကဲ့သို့ စားသုံးနိုင်ပြီဖြစ်ကာ မကြာမီကာလအတွင်း စားသုံးဆီတစ်ခုအနေဖြင့် စားသုံးနိုင်တော့မည်ဖြစ်ကြောင်း သိရပါတယ်။ ထို့ကြောင့် လျှော်ဖြူအပြင် လျှော်ဖြူစေ့များမှာလည်း ဈေးကွက်သို့တင်သွင်းရောင်းချနိုင်မည့် အခွင့်အလမ်း များရရှိလာမည်ဖြစ်ကာ မြန်မာနိုင်ငံတွင်လျှော်ဖြူကို စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် အများဆုံးစိုက်ပျိုးလျက်ရှိပြီး အခြားတိုင်းနှင့်ပြည်နယ် များတွင်လည်း စိုက်ပျိုးလျက်ရှိကြောင်း သိရပါတယ်။

**Source:** https://www.facebook.com/myanmaeconomic/

## NSW စနစ်ကို မြန်မာအပါအဝင် နိုင်ငံသုံးနိုင်ငံနဲ့အကြား ချိတ်ဆက်ဖို့ ထိုင်းရည်မှန်း

အမျိုးသားပြတင်းတစ်ပေါက်စနစ် (NSW) ကို ယခုနှစ်ထဲမှာ အာဆီယံနိုင်ငံသုံးနိုင်ငံနဲ့အကြား ချိတ်ဆက်ဖို့ ထိုင်း အကောက်ခွန်ဂန်ကြီးဌာနက ရည်မှန်းထားတယ်လို့သိရပါတယ်။ ယင်း NSW စနစ်ကို အထက်ပါ နိုင်ငံတွေနဲ့အကြား ချိတ်ဆက်ခြင်းအားဖြင့် ကုန်သွယ်မှုနဲ့ဆက်စပ်တဲ့ ဒေတာအချက်အလက်အီလက်ထရောနစ် exchange စနစ်ကို ချဲ့ထွင်သွားဖို့ ရည်မှန်းနေတာဖြစ်ပါတယ်။ ယခုလို အမျိုးသားပြတင်းတစ်ပေါက်စနစ် NSW ကို ချိတ်ဆက်မယ့် နိုင်ငံတွေ ကတော့ မြန်မာ၊ ကမ္ဘောဒီးယားနဲ့ ဖိလစ်ပိုင်တို့ဖြစ်တယ်လို့ ထိုင်းအကောက်ခွန်ဌာန ညွှန်ကြားရေးမှူးချုပ် Krisada Chinavicharana ကပြောပါတယ်။

ယင်းနိုင်ငံတွေအနက် ကမ္ဘောဒီးယားကတော့ ထိုင်းနဲ့အကြား NSW စနစ် စမ်းသပ်မှုကို ဇူလိုင်လအစောပိုင်းမှာ စတင်နေပြီဖြစ်ကြောင်း ၎င်းကဖြည့်စွက်ပြောကြားပါတယ်။ ယခု NSW စနစ်ကြောင့် ကမ္ဘာ့ဘဏ်ရဲ့ စီးပွားရေးလုပ် ကိုင်ရလွယ်ကူမှု အစီရင်ခံစာမှာ ထိုင်းရဲ့ရမှတ်တွေကို တိုးတက်စေမယ်လို့ မျှော်လင့်ကြောင်းလည်း Mr Krisada က ပြောသွားခဲ့ပါတယ်။

**Source:** https://www.bangkokpost.com/…/3-more-countries-for-nsw-syst…

SFJ Strategy First Journal

## တရုတ်ခရီးသွားဝင်ရောက်မှုနှေးသွားချိန် အိန္ဒိယခရီးသွားတွေကို ပိုမိုဆွဲဆောင်နိုင်ဖို့ ထိုင်းမျှော်မှန်း

ထိုင်းနိုင်ငံရဲ့ ခရီးသွားလုပ်ငန်းထဲမှာတော့ လက်ရှိမှာအရှအင်အားကြီး တရုတ်နိုင်ငံက ခရီးသွားလာရောက်မှုပိုင်းမှာ ကျဆင်းမှုတွေ ဖြစ်ပေါ်လာချိန် အိန္ဒိယခရီးသွားတွေဘက်ကိုပိုမိုအာရုံစိုက်ဆွဲဆောင်ဖို့ အာဏာပိုင်တွေက ပြင်ဆင်နေ တယ်လို့ သိရပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၈ က ဖူးခက်မှာ ရေယာဉ်မတော်တဆမှုတစ်ခုကြောင့် တရုတ်ခရီးသွားအများအပြား သေဆုံးခဲ့ရတဲ့ ဖြစ်စဉ်နောက်ပိုင်း ထိုင်းနိုင်ငံကို တရုတ်ခရီးသွားရောက်ရှိမှုပိုင်း အားနည်းလာခဲ့ပြီး တိုးတက်မှုနှုန်း နှေးကွေးနေလျက်ရှိတာဖြစ်ပါတယ်။ဒါ့ပေမယ့် တစ်ဘက်မှာတော့ ပြီးခဲ့တဲ့လတွေအတွင်း ထိုင်းကို အိန္ဒိယခရီးသွား ဝင်ရောက်မှုက သိသိသာသာမြင့်တက်နေခဲ့တယ်လို့လည်း သိရပါတယ်။ ဒါဟာ တိုက်ရိုက်လေကြောင်းခရီးစဉ်တွေ

တိုးချဲ့ပြေးဆွဲမှု၊ ဗီဇာလျှော့ပေါ့မှု တို့နဲ့အတူ ကြွယ်ဝမှုပိုင်းတိုးတက်လာမှုတို့နဲ့ အဓိကသက်ဆိုင်နေလျက်ရှိပါတယ်။

အိန္ဒိယရဲ့ ၁ ဒသမ ၃ ဘီလီယံရှိ လူဦးရေအားလုံးအနက် ဝင်ငွေအလယ်အလတ်တန်းစား လူဦးရေက အလျင်အမြန် တိုးတက်လာခြင်းကလည်း ထိုင်းခရီးသွားလုပ်ငန်း တိုးတက်မှုအတွက် အဓိကထောက်ကူနေလျက်ရှိပါတယ်။ ယင်းအတွက်ကြောင့် ၂၀၁၈ ကနေ ၂၀၂၈ ကြားကာလအတွင်း ထိုင်းနိုင်ငံကို အိန္ဒိယခရီးသွား ဝင်ရောက်မှုပိုင်းမှာ ငါးဆ ခုန်တက်နိုင်လိမ့်မယ်လို့ ထိုင်းအာဏာပိုင်တွေဘက် မျှော်မှန်းနေလျက်ရှိပါတယ်။

**Source:** https://www.bloomberg.com/.../in-phuket-indian-juggernaut-rid...

SFJ Strategy First Journal

## ကမ္ဘာ့ရွှေဈေး နှစ်မကုန်ခင် ဒေါ်လာ ၂၀၀၀ အထိ ရောက်နိုင်ဟုခန့်မှန်း

ကမ္ဘာ့ရွှေဈေးနှုန်းတွေကတော့ ပြီးခဲ့တဲ့ အပတ်ကနှစ်များစွာအတွင်း အမြင့်ဆုံးအတိုင်းအတာတစ်ခုကို ရောက်ခဲ့ပြီး နောက် ဆက်လက်ပြီးတော့လည်း ထပ်မံမြင့်တက်မှုတွေရှိနိုင်ကြောင်း ကမ္ဘာလုံးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုမဟာဗျူဟာ ကျွမ်းကျင်သူတစ်ဦးက ခန့်မှန်းပြောဆိုလိုက်ပါတယ်။

ရွှေဈေးနှုန်းဟာ ယခုနှစ်ကုန်မတိုင်ခင် ဒေါ်လာ ၂၀၀၀ အထိ ရောက်ရှိသွားဖို့ရှိနေကြောင်း လန်ဒန်အခြေစိုက် Independent Strategy က global strategist ဖြစ်တဲ့ David Roche က ခန့်မှန်းသွားပါတယ်။ Spot gold ရွှေဈေးကတော့ ပြီးခဲ့တဲ့ ဇွန်လ ၂၅ ရက်ကဒေါ်လာ ၁၄၂၂ ဒသမ ၈၅ အထိ ရောက်ခဲ့တာဖြစ်ပြီး ဒါဟာ ခြောက်နှစ်ကျော်တာအတွင်း အမြင့်ဆုံးနှုန်းဖြစ်ခဲ့ပါတယ်။

မကြာသေးခင် ကာလအတောအတွင်း အမေရိကန်ဗဟိုဘဏ်ရဲ့ အတိုးနှုန်းလျှော့ချမယ့် အလားအလာမျှော်မှန်းချက်တွေ ထွက်ပေါ်လာခဲ့မှု၊ ပထဝီနိုင်ငံရေးဆိုင်ရာ တင်းမာမှု၊ စိုးရိမ်ပူပန်မှုတွေ မြင့်တက်ခဲ့မှုတို့ကြောင့် ရွှေဈေးနှုန်းတွေဟာ အတက်ဘက်ကို ဦးတည်နေခဲ့တာဖြစ်ပါတယ်။ သို့ပေမယ့် ဇူလိုင် ၈ ရက်မှာ ရွှေဈေးနှုန်းတွေဟာ အနည်းငယ် ပြန်ကျသွားခဲ့တယ်လို့ သိရပါတယ်။

**Source:** https://www.cnbc.com/.../gold-prices-could-reach-2000-by-the-...

SFJ Strategy First Journal

## ၂ နှစ်အတွင်း ဒုတိယအကြိမ်မြောက်အဖြစ် ထိုင်းမှာ အနိမ့်ဆုံး လုပ်ခလစာတွေ တိုးမြှင့်ပေးဖို့စီစဉ်နေ

နိုင်ငံမှာ အနိမ့်ဆုံးလုပ်ခလစာတွေကို နှစ်နှစ်ဆက်တိုက် တိုးမြှင့်ပေးဖို့ ထိုင်းအာဏာပိုင်တွေ စီစဉ်နေတယ်လို့ သိရပါတယ်။ဒါဟာ နိုင်ငံရဲ့ အဓိက စက်မှုဇုန်တွေမှာ လုပ်သား လျော့နည်းလာမှု၊ သက်ကြီးလူဦးရေ တိုးပွားလာနေမှုတို့ ရှိနေချိန် လုပ်သားတွေကို ပိုမိုဆွဲဆောင်နိုင်ဖို့ ရည်ရွယ်တယ်လို့ သိရပါတယ်။ဒီလို အနိမ့်ဆုံးလစာ တိုးမြှင့်မှု ပမာဏအတိုင်းအတာနဲ့ပတ်သက်လို့ ဆုံးဖြတ်မယ့် subcommittee ကော်မတီခွဲတစ်ခုကတော့ လာမယ့် တစ်လ၊ နှစ်လအတွင်း အစည်းအဝေးထိုင်ဖို့ ရှိနေပြီး နိုင်ငံစီးပွားရေးအခြေအနေနဲ့ စက်မှုလုပ်ငန်းတွေရဲ့ ယှဉ်ပြိုင်နိုင်စွမ်းအပေါ် အခြေခံထားတဲ့ ပြင်ဆင်ချက်တွေကို အကဲဖြတ်ကြမှာဖြစ်ကြောင်း ထိုင်းအလုပ်သမားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် Suthi Sukosol ကပြောပါတယ်။

အနိမ့်ဆုံးလစာ တိုးမြှင့်မှုကိုတော့ ပြီးခဲ့တဲ့မတ်လရွေးကောက်ပွဲအကြို မဲဆွယ်မှုတွေအတွင်းမှာကတည်းက ကတိပြုထားပြီးဖြစ်တယ်လို့ ဆိုပါတယ်။ စစ်တပ် ကျောထောက်နောက်ခံ Palang Pracharath ပါတီနဲ့ ဒီမိုကရက်ပါတီ နှစ်ခုစလုံးက ဒီအနိမ့်ဆုံးလုပ်ခလစာကို အများဆုံး ၄၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ပေးမယ်လို့ ကတိပြုထားကြောင်း သိရပါတယ်။

**Source:** https://www.businesstimes.com.sg/.../thailands-minimum-wage-i...

SFJ Strategy First Journal

## မြန်မာ့နွား မွေးမြူရောင်းချခြင်းလုပ်ငန်းတွင် တရုတ်နိုင်ငံမှရင်းနှီးမြှုပ်နှံ

တရုတ်နိုင်ငံမှ Kangrui Agriculture Livestock Development Company Limited သည် မြန်မာနိုင်ငံတွင် နွားမွေးမြူရောင်းချခြင်း လုပ်ငန်းအတွက် ဝင်ရောက်ရင်းနှီးမြှုပ်နှံလိုက်ပြီဖြစ်ကြောင်း မြန်မာနိုင်ငံရင်း နှီးမြှုပ်နှံ မှု ကော်မရှင်မှ သတင်းရရှိသည်။ အဆိုပါကုမ္ပဏီသည် နွားမွေးမြူရောင်းချခြင်းလုပ်ငန်းကို မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မလှိုင်မြို့နယ်၊ ညောင်အုပ်ကျေးရွာအုပ်စုတွင် အကောင်အထည်ဖော်လုပ်ဆောင်သွားမည်ဖြစ်ပြီး စုစုပေါင်း အမေရိကန်ဒေါ် လာ ( ၃၇ ) သန်းကျော်ခန့်ကို ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်းသိရသည်။ အခုခွင့်ပြုပေးလိုက်တဲ့လုပ်ငန်းက အဓိကကတော့ တရုတ်ပြည်ကို ရည်ရွယ်ရောင်းချဖို့လို့ သိရပါတယ်။ ဒါက နွားမွေးမြူရောင်းချခြင်းလုပ်ငန်းကဏ္ဍမှာ ပထမဆုံး ခွင့်ပြုပေးခဲ့တာပါဟု ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ဒေတ္တညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်က ပြောပါတယ်။

အဆိုပါကုမ္ပဏီမှာ မြန်မာနိုင်ငံ၏ နွားမွေးမြူရောင်းချခြင်းလုပ်ငန်းကဏ္ဍသို့ ကနဦးဝင်ရောက်လာသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတစ်ခုဖြစ်ပြီး၊ ယင်းကဏ္ဍမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ထပ်မံဝင်ရောက်လာရန် အလားအလာရှိသည်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနကလည်း ပြောဆိုထားကြောင်း ၎င်းကဆိုသည်။ ၂၀၁၇ ခုနှစ်နှစ်ကုန်ပိုင်းတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ကျွဲ၊ နွားများ ပြည်ပသို့ တရားမဝင် တင်ပို့ခြင်းကို တရားဝင်လမ်းကြောင်းပေါ် ရောက်လာစေရန်နှင့် မွေးမြူရေးတောင်သူများ ဝင်ငွေနှင့်အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိစေကာ တောင်သူစီးပွားရေး ပိုမိုတိုးတက်လာစေရန်ရည်ရွယ်၍ ကျွဲ၊ နွား အရှင်များ ပြည်ပသို့တရားဝင် တင်ပို့ခွင့်ပြုခဲ့သည်။ ကျွန်တော်တို့ဆီမှာ လူရှိတယ်။ မြေရှိတယ်။ နည်းစနစ်နဲ့ နည်းဗျူဟာရယ်။ မျိုးကောင်းမျိုးသန့်ရယ်ကို တာဝန်ရှိသူတွေက စီစဉ်ပေးတယ်ဆိုရင် ကျွန်တော်တို့ တောင်သူတွေအတွက် အကျိုးအမြတ်ရှိတာပေါ့။ အဲလိုမဟုတ်ဘဲ နိုင်ငံခြားကလူတွေကိုခေါ်ပြီးတော့ သူတို့ဘာသာသူတို့ မွေး၊ သူတို့ဘာသာယူသွားဆိုရင်တော့ ကျွန်တော်တို့ ပြည်တွင်း မွေးမြူတဲ့တောင်သူတွေအတွက်တော့ အကျိုးမရှိဘူးပေါ့ဟု မန္တလေးတိုင်းဒေသကြီး ကျွဲ၊ နွားတင်ပို့သူများအသင်း ဥက္ကဌ ဦးစိုးနိုင်က သုံးသပ်ပြောဆိုသည်။

လက်ရှိတွင် တရုတ်နိုင်ငံသို့ ကျွဲ၊ နွား၊ ဆိတ်များတင်ပို့ရာတွင် မြန်မာနိုင်ငံမှ တရားဝင် တင်ပို့ခြင်းဖြစ်သော်လည်း၊ တရုတ်နိုင်ငံဘက်ခြမ်းတွင် တရားဝင်ဝယ်ယူခြင်းမဟုတ်သည့်အတွက် နှစ်နိုင်ငံကုန်သွယ်မှုတွင် နှစ်ဘက်တရားဝင်ဖြစ်စေရန် အစိုးရအချင်းချင်း G to G လက်မှတ်ရေးထိုးနိုင်ရေး မြန်မာအစိုးရဘက်မှ စီစဉ်ဆောင်ရွက်နေကြောင်းသိရသည်။

**Source:** https://www.facebook.com/amiamyanmar/posts/2323729031045913?__tn__=K-R

amiamyanmar

## STOCK EXCHANGE (11.7.2019)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 11th Jul. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,000 | +0 | +0.00% | 10,500 | 11,000 | 10,500 | 1,903 | 20,883,000 | 27,112,747 | 298,240 |
| MTSH | 00002 | 3,100 | +0 | +0.00% | 3,050 | 3,100 | 3,000 | 4,714 | 14,262,800 | 38,929,150 | 120,680 |
| MCB | 00003 | 8,500 | +700 | +8.97% | 7,800 | 8,500 | 7,200 | 57 | 461,800 | 10,400,986 | 88,408 |
| FPB | 00004 | 23,000 | -500 | -2.13% | 23,500 | 23,500 | 23,000 | 50 | 1,170,000 | 2,472,053 | 56,857 |
| TMH | 00005 | 2,900 | -50 | -1.69% | 2,950 | 2,950 | 2,900 | 147 | 428,400 | 12,212,906 | 35,417 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 439.19 | +3.98 | +0.91% | 423.86 | 439.19 | 422.43 | 6,871 | 37,206,000 | 5 | 599,602 |

**Index chart**




TIR